**Mae Tao Clinic**
P.O Box 67, Mae Sot, Tak 63110, Thailand
702/1 Moo 1.  Tha Sai Luad. Mae Sot, Tak 63110
Mobile: 085-605-5016, Fax : (055) 544-655  email: info@maetaoclinic.org, www.maetaoclinic.org

၂၀၁၆ ခုနှစ် မေလ ၂၈ ရက်

သတင်းထုတ်ပြန်ချက်

## မယ်တော်ဆေးခန်း အဆောက်အဦးသစ်များက မြန်မာနိုင်ငံ၏ အိုးအိမ်စွန့်ခွာသည့်လူထုနှင့် ရွှေ့ပြောင်းလူထုအသိုင်းအဝိုင်းသို့ ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆက်လက်ဆောင်ကျဉ်းပေးမည်

၂၀၁၆ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ မယ်တော်ဆေးခန်းမှ ၎င်း၏ အဆင့်မြှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုဌာနသစ်များကို ဖွင့်လှစ်လိုက်သည်။ ယင်းဆေးခန်းသစ်ဖွင့်ပွဲသည် မြန်မာနိုင်ငံမှ အိုးအိမ်စွန့်ခွာသည့်လူထုနှင့် ရွှေ့ပြောင်းလူထုအသိုင်းအဝိုင်းများအတွက် ဘာသာစကားမျိုးစုံဖြင့် အကောင်းဆုံး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ကျဉ်းပေးနိုင်ရန် မယ်တော်ဆေးခန်းနှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများမှ နှစ်ပေါင်းများစွာ မဆုတ်မနစ် လက်တွဲလုပ်ကိုင်အားထုတ်မှုများ၏ ရလဒ်ပင် ဖြစ်သည်။

မယ်တော်ဆေးခန်း ဒါရိုက်တာနှင့် တည်ထောင်သူလည်းဖြစ်သူ ဒေါက်တာစင်သီယာမောင်က "နောက်ဆုံးတော့ ဒီဆေးခန်းနေရာသစ်မှာ အခုလိုလူနာတွေလက်ခံပြုစုနိုင်ပြီဖြစ်လို့ ကျမတို့ အင်မတန် ဝမ်းသာမိပါတယ်။ ဘဏ္ဍာငွေရဖို့၊ မြေကွက်ရဖို့၊ အဆောက်အဦးတွေ ပုံစံဆွဲဖို့နဲ့ ရွှေ့ပြောင်းဖို့ ကျမတို့ ၁၀ နှစ်ကျော် အချိန်ယူလုပ်ခဲ့ရတယ်" ဟု ရှင်းပြခဲ့သည်။ "ကျမတို့ နေရာဟောင်းက ငှားထားရတဲ့နေရာ ဖြစ်တဲ့အပြင် နေရာကျဉ်းတော့ အဆင့်မြှင့်တင်နိုင်ဖို့ ခက်ခဲတယ်လေ" ဟု သူမကဆက်ပြောပြသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများ၊ စီးပွားရေးအပြောင်းအလဲများကို ဝေဝေဆာဆာ ပြောဆို နေကြသော်လည်း မြန်မာနိုင်ငံအရှေ့ပိုင်းမှ လူထုကျန်းမာရေးအညွှန်းကိန်းများမှာမူ ကမ္ဘာ့အဆိုးဆုံးအဆင့်ထဲ ပါဝင်နေဆဲဖြစ်သည်။ ဆယ်စုနှစ်များစွာ ကျန်းမာရေးစနစ် လျစ်လျူရှုခံခဲ့ရခြင်းကြောင့် မြန်မာနိုင်ငံတွင်းမှ ပြည်သူများသည် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုမရဖြစ်နေရာ ၎င်းပြဿနာရပ်များစွာကို ဖြေရှင်းနိုင်ရန်မှာ ဆယ်စုနှစ်ချီ ကြာမြင့်လိမ့်မည်ဖြစ်သည်။ အခက်အခဲမျိုးစုံထဲတွင် အစိုးရ၏ ဝန်ဆောင်မှုများသည် မြို့နယ်အဆင့် ကျန်းမာရေး ဝန်ဆောင်မှုများအပေါ်သာ အလေးထားနေသဖြင့် အတည်တကျနေထိုင်နိုင်ခြင်းမရှိပဲ ရွှေ့ပြောင်းနေရသော ပြည်သူလူထု၏ ကျန်းမာရေးနှင့် လူမှုရေး လိုအပ်ချက်အားလုံးကို ဖြည့်ဆီးနိုင်ရန် ခဲယဉ်းနေသည်။ ဤအဟန့်အတားသည် အစိုးရ၏ ကျန်းမာရေး ဝန်ဆောင်မှုများ စားရိတ်စကကြီးမြင့်မှုနှင့် တွဲဖက်နေပြီး ယင်းစားရိတ်ကြီးမြင့်မှုက လူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှု ရရှိရေးတွင် အတားအဆီးဖြစ်နေသည်။ မယ်တော်ဆေးခန်း လူနာများ၏ ၄၅% ခန့်မှာ မြန်မာနိုင်ငံတွင်းမှလာ၍ ကျန်းမာရေးပြုစုစောင့်ရှောက်မှုရယူကြသူများဖြစ်ပြီး ကျန် ၅၅% ၏ အများစုမှာမူ ထိုင်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်အား လက်လှမ်းမမီနိုင်မှု အကန့်အသတ်ရှိနေသည့် အရေအတွက် တိုးပွားလာနေသော ထိုင်းနိုင်ငံရောက် လက်မှတ်မဲ့ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်သည်။

"ဒီလူထုတွေဟာ ဒီနယ်စပ်မှာဘဲဆက်ရှိနေဦးမှာဖြစ်လို့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို ဆက်လိုအပ်နေလိမ့်မယ်" ဟု ဒေါက်တာ စင်သီယာမောင်မှ သုံးသပ်သည်။ "ဒီလူထုတွေအတွက်ဆိုရင်

မယ်တော်ဆေးခန်းဟာ လက်လှမ်းအမှီနိုင်ဆုံး ကျန်းမာရေးဌာနဖြစ်ပါတယ်" ဟု သူမကဆက်ပြောသည်။

၂၀၁၂ ခုနှစ်၌ မယ်တော်ဆေးခန်းသည် ဒေသန္တရအဆင့်နှင့် နိုင်ငံအဆင့် ကျန်းမာရေးအရာထမ်းများနှင့် အလွတ်သဘော ထိတွေ့ဆက်ဆံခဲ့ပြီး တစ်ဖွဲ့နှင့်တဖွဲ့၏ဝန်ဆောင်မှုများနှင့် နယ်စပ်တလျှောက်ရှိ ကျန်းမာရေး လုပ်ငန်းစဉ်များအကြောင်းကို အပြန်အလှန် သိရှိလေ့လာနိုင်ခဲ့သည်။ "အစိုးရအပြောင်းအလဲကြောင့် မြဝတီဆေးရုံလို မြန်မာပြည်တွင်းက ဒေသန္တရဆေးရုံတွေနဲ့ ပိုပြီး စနစ်တကျ တရားဝင် လူနာလွှဲပြောင်း စနစ်တွေကို ကျမတို့အနေနဲ့ စလုပ်နိုင်မယ်လို့ မျှော်လင့်ရတယ်" ဟု သူမကထပ်ပြောသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရေစီရေး လူထုလှုပ်ရှားမှုကြီးအား စစ်အစိုးရမှ အကြမ်းဖက်နှိမ်နင်းခဲ့ပြီး ငြိမ်းချမ်းစွာ ဆန္ဒပြလှုပ်ရှားသူများ ထောင်နှင့်ချီ၍ မြန်မာနိုင်ငံနယ်စပ်ဒေသများသို့ ရောက်ရှိလာပြီးနောက် ၁၉၈၉ ခုနှစ်တွင် မယ်တော်ဆေးခန်းအား စတင်တည်ထောင်ခဲ့သည်။ မယ်တော်ဆေးခန်းအား စတင် တည်ထောင်ခဲ့ချိန်က ဆေးခန်းသုံး ပစ္စည်းများအား ပိုးသတ်ရန် ထမင်းပေါင်းအိုး တစ်လုံးတည်းသာရှိသည့် အခန်းငယ်တစ်ခန်းတွင် စတင်ဖွင့်လှစ်ခဲ့ရခြင်း ဖြစ်သည်။ ယခုအချိန်တွင် မယ်တော်ဆေးခန်းသည် အိုးအိမ်ရွှေ့ပြောင်း လူနာပေါင်း အနည်းဆုံး ၁၅၀၀၀၀ ခန့်အား နှစ်စဉ် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု၊ ပညာရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အပါအဝင် ဝန်ဆောင်မှုများစွာ ပံ့ပိုးပေးနေသည့် စနစ်ကျသေချာစွာ ဖွဲ့စည်းလည်ပတ်နေသော ဆေးခန်းတစ်ခုအဖြစ် တည်ရှိနေပြီ ဖြစ်ပါသည်။

"ဒီလိုမျိုး အရေးပါတဲ့ဝန်ဆောင်မှုတွေ မယ်တော်ဆေးခန်းက ဆက်ပံ့ပိုးပေးနိုင်တာကို ကျနော် အင်မတန် အားရမိတယ်၊ ဘာလို့လဲဆိုတော့ သူတို့အလုပ်က ကျနော်တို့အတွက် အလွန်အရေးပါလို့ဖြစ်တယ်" ဟု ထိုင်းနိုင်ငံ မဲဆောက် ပြည်သူ့ဆေးရုံကြီး လူမှုရေးနှင့်လူထုဆေးပညာဌာနမှူး ဒေါက်တာ ဝိထယ စဝါဒိဒိဝုဒီပုံ က ဆိုပါသည်။ မယ်တော်ဆေးခန်းသည် နယ်စပ်တလျှောက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ အချက်အချာ ကျသည့်အခန်းကဏ္ဍတွင် ရှိနေသည်ဟု ဒေါက်တာ ဂိထယက ယုံကြည်ပြီး ၎င်းနှင့်အဖွဲ့သည် မယ်တော် ဆေးခန်း လုပ်ငန်းဌာနသစ်များ ပုံစံဆွဲရာနှင့် ခင်းကျင်း နေရာချရာ၌ အရေးပါသော အကြံဉာဏ်များလည်း ပေးနေသည်။

နေရာသစ်မှာ ယခင်နေရာဟောင်းလို ငှားရမ်းထားခြင်းမဟုတ်ဘဲ မယ်တော်ဆေးခန်း၏ မိတ်ဖက် စုဝန်နမစ် ဖောင်ဒေးရှင်းက ပိုင်ဆိုင်သဖြင့် ဆေးခန်းသစ်အတွက် ပိုမိုတည်ငြိမ်သည့်တည်နေရာ ဖြစ်ပါသည်။ စုဝန်နမစ် ဖောင်ဒေးရှင်းမှာ ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ထားသည့်အဖွဲ့အစည်းဖြစ်သည်။ အခြားတိုးတက်မှုများထဲတွင် မယ်တော်ဆေးခန်းမှ ဆောင်ကျဉ်းပေးနေသည့် ဝန်ဆောင်မှုများ၏ အရည်အသွေး မြှင့်တင်မှုများ ပါဝင်ရာ ကူးစက်ရောဂါသည် ကလေးသူငယ် အတွင်းလူနာများအတွက် သီးသန့်ခန်းများနှင့် ပိုမိုကျယ်ဝန်းသည့် သားဖွားဆောင်တို့ ပါဝင်ပါသည်။ နေရာဌာနများ၏ အခင်းအကျင်းပုံစံသစ်သည် လူနာများအနေဖြင့် ဆေးခန်းအတွင်း အဆင်ပြေလွယ်ကူစွာ ရှာဖွေသွားလာနိုင်စေမည်ဟု မယ်တော်ဆေးခန်းက မျှော်လင့်ပါသည်။

အသေးစိတ်အချက်အလက်များ ထပ်မံသိရှိလိုပါကလည်းကောင်း၊ သတင်းဌာနများမှ စုံစမ်းလိုပါကလည်းကောင်း ဆက်သွယ်ရန် -


အင်္ဂလိပ်ဘာသာဖြင့် Ms. Shalini: 0933076757 (shalini@maetaoclinic.org)

ထိုင်းဘာသာဖြင့် Ms. Pattinee: 0876771415 (pattinee@suwannimit.org)

မြန်မာဘာသာဖြင့် Mr. Aung Pyi Moe 0989828380 (aung.pyi.moe@maetaoclinic.org)